# အမျိုးအစားသစ်ကိုရိုနာဗိုင်းရပ်စ် COVID-19 နှင့်ပတ်သက်၍ တိုကျိုမြို့၏မြို့သူမြို့သားများအားလုံးကို မေတ္တာရပ်ခံအပ်ပါသည်။

○ ယခု အမျိုးအစားသစ်ကိုရိုနာဗိုင်းရပ်စ် COVID-19 ဖြစ်ပွားနေသည့်လူများမှာ အလွန်များပြားပါသည်။ ထပ်ပြီး တိုးပွားလာပါက အန္တရာယ်ရှိပါသည်။ အန္တရာယ်များပါသည်။

○ တိုကျိုမြို့တွင် အရေးပေါ်အခြေအနေကြေငြာချက် ထုတ်ပြန်ခဲ့ပါသည်။ ယခု အရေးကြီးသည်မှာ တတ်နိုင်သမျှ အိမ်ထဲတွင်နေရန် ဖြစ်ပါသည်။

ထို့အပြင် လူများနှင့်တွေ့ဆုံခြင်း၊ စကားပြောဆိုခြင်းများ မလုပ်ကြပါနှင့်။

○ အရေးပေါ်အခြေအနေကြေငြာချက်သည် သင့်ဘဝနေထိုင်မှုကို ပြောင်းလဲပါ ဟုမေတ္တာရပ်ခံခြင်းဖြစ်ပါသည်။

**ဘယ်အချိန်မှ ဘယ်အချိန်ထိ** ဖေဖော်ဝါရီလ8ရက်(တနင်္လာနေ့ ) မနက်0နာရီ မှ မတ်လ7ရက်(တနင်္ဂနွေနေ့)ည12နာရီထိ

## တိုကျိုမြို့တွင်နေထိုင်သူများ — **အိမ်ထဲတွင်နေပါ**

○ တတ်နိုင်သမျှ **အိမ်ထဲတွင် နေပါ။**

အထူးသဖြင့် **ည8နာရီကျော်ပါက အပြင်မထွက်**ပါနှင့်။

○ **အပြင်ထွက်သည့်အခါတွင် အမှန်တကယ်လိုအပ်သည့်အချိန်မှသာ အချိန်တိုတိုသာ ထွက်ကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

အမှန်တကယ်လိုအပ်သည့်အရာ...ဆေးရုံသို့သွားခြင်း၊ အစားအစာ၊ ဆေးဝါး၊ နေ့စဉ်ဘဝတွင် လိုအပ်သည့်ပစ္စည်းများဝယ်ယူခြင်း၊ ကျန်းမာရေးအတွက်လေ့ကျင့်ခန်းလုပ်ခြင်းနှင့် လမ်းလျှောက်ခြင်း စသည်တို့ဖြစ်ပါသည်။

○ တိုကျိုမြို့မှ ထွက်၍ **အခြားသောခရိုင်များသို့မသွား**ပါနှင့်။

## ဆိုင်ဖွင့်ထားသူများ — **အချိန်ကိုလျှော့ပါ**

မေတ္တာရပ်ခံထားသည့်ဆိုင်များ။ **စားသောက်ဆိုင်များနှင့်ကာရာအိုကေ**စသည်များ※

ဆိုင်ဖွင့်၍ရသောအချိန်။ **မနက်5နာရီမှ ည8နာရီအထိ**

(**အရက်ထုတ်ရောင်း၍ရသောအချိန်။ မနက် 11နာရီမှ ည7နာရီအထိ**)

※အခြားနေရာများ။

ပြဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ အစည်းအဝေးခန်းမ၊ ဟိုတယ်၊ အားကစားရုံ၊

အနုပညာပြတိုက်၊ ပြတိုက်၊ စာကြည့်တိုက် စသည်


一般財団法人
東京都つながり創生財団
Tokyo Metropolitan Foundation "TSUNAGARI"